# ဂျုန်းစ်တောင်းမြို့ အစုလိုက်သတ်သေပွဲ

၁၉၇၈ ခုနှစ်၊ နိုင်ဝင်ဘာလ ၁၈ ရက်နေ့တွင် အမေရိကန် ဘာသာရေး အစွန်းရောက် ခေါင်းဆောင် ဂျင်မ် ဂျုန်းစ် (Jim Jones)၏ နောက်လိုက် ၉၁၂ ယောက်သည် အမေရိကန် တောင်ပိုင်း ခေါင်ဖျားသည့် ဗြိတိသျှ ဂူယာနာ (British Guyana) မြို့ ဂျုန်းစ်တောင်းဟု ခေါ်သော တောကြီး တစ်နေရာ၌ သေပွဲ ဝင်ခဲ့ကြသည်။ အဖွဲ့ဝင်အချို့မှာ သေနတ်ဖြင့် ပစ်သတ် သေဆုံးပြီး အချို့ကို အဆိပ်သောက်ရန် တွန်းအား ပေးခဲ့ကြသည်။ အများစုမှာ 'ကိုယ့်ကိုယ်ကို တော်လှန်သည့် သတ်သေခြင်း'ဟု ဂျုန်းစ် ပြောသည့်အတိုင်း လိုလားစွာ ပါဝင် ဆင်နွှဲခဲ့ကြခြင်း ဖြစ်သည်။

ဂျုန်းစ်သည် အမေရိကန်ပြည်ထောင်စု၊ အင်ဒီယာနာပြည်နယ်၊ အင်ဒီယာပိုလီမြို့၌ ၁၉၅၃ ခုနှစ်တွင် ဘုန်းကြီးအဖြစ် စတင်၏။ ၁၉၆၀–တွင် ယင်းမြို့ လူ့အခွင့်အရေးအဖွဲ့၏ ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခံရပြီး နောက် ၁၉၆၄ ခုနှစ်တွင် 'ခရစ်တော်၏ သာဝကများ' (The Disciples of Christ) အသင်း၏ ဘုန်းကြီး ဖြစ်လာသည်။ ၁၉၆၅–တွင် ဘုရားကျောင်း၏ ဌာနချုပ်ကို ညူကလီယာစစ်ပွဲ ဖြစ်ခဲ့သော် ဘေးကင်းသည့် ကောင်းကင်ဘုံအဖြစ် ၎င်းယူဆသည့် ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုအနီး၊ ယူကီယာ(Ukiah) မြို့သို့ ပြောင်းရွှေ့ခဲ့သည်။

မကြာမီ လော့စ် အိန်ဂျယ်လိစ်မြို့၌ ပြည်သူ့ဘုရားကျောင်း တစ်ခု ထပ်ဖွင့်သည်။ ၁၉၇၀ ပြည့်လွန် နှစ်များ၌ အဖွဲ့ဝင် ၈၀၀၀ ကျော်အထိ တိုးတက်ခဲ့သည်။ လူမျိုးစုံ ပါဝင်သော်လည်း ဂျုန်းစ်၏ နောက်လိုက် အများစုမှာ အာဖရိကန် အမေရိကန် (လူမည်း)များ ဖြစ်ကြသည်။

ဂျုန်းသည် ထိုအချိန်က ဆန်ဖရန်စစ်စကို မြို့၌ နိုင်ငံရေး ခေါင်းဆောင်များအား ကူညီထောက်ပံ့ရန် ရန်ပုံငွေ ရှာဖွေပေးခြင်း၊ လုပ်အားပေးများ စုဆောင်းပေးခြင်းများဖြင့် ထင်ရှားခဲ့သည်။

ဂျုန်းစ်သည် မည်သည့် ကြိုပမ်းမှုအတွက်မဆို လူပေါင်း များစွာကို စည်းရုံးနိုင်သူ ဖြစ်သည်။ ၁၉၇၀ ပြည့်လွန် နှစ်များတွင် ၎င်းအား ပြည်နယ် လွှတ်တော်အမတ် ဝီလီဘရောင်း (Willie Brown) အပါအဝင် ထင်ရှားသည့် နိုင်ငံရေးသမားများနှင့် အတူ တွေ့ရသည်။ ၁၉၇၆ တွင် မြို့တော်ဝန် ဂျော့ဂျ် မော့စ်ကွန်း (George Moscone)က ဂျုန်းစ်အား ဆန်ဖရန်စစ်စကို အိုးအိမ်အာဏာပိုင်အဖွဲ့၌ ရာထူးပေးခဲ့သည်။ ပြည်နယ် အုပ်ချုပ်ရေးမှူး ဂျယ်ရီ ဘရောင်း (Jerry Brown) ပင် ပြည်သူ့ ဘုရားကျောင်း၏ ဘာသာရေး အခမ်းအနားများသို့ တက်ရောက်ခဲ့ကြောင်း တွေ့ရ၏။ သို့ရာတွင် ဂျုန်းစ်တောင်း ကြေကွဲဖွယ် ဖြစ်ရပ်ပြီး နောက် ဝီလီဘရောင်းက 'အဲဒီတုန်းက သူရူးနေပြီဆိုတာကို ကျွန်တော် သိခဲ့ရင် ကျွန်တော် သူနှင့် တွဲမှာ မဟုတ်ပါဘူး'ဟု ဆိုခဲ့သည်။

ဂျုန်းစ်၏ အကြောင်းကို နက်ဂတစ်သတင်းဌာန သတင်းသမားများ က ၁၉၇၇ ခုနှစ် နွေရာသီတွင် စတင် ဖော်ထုတ်ခဲ့သည်။ ထိုဝေဖန်မှုများကြောင့် ၎င်း၏ နောက်လိုက် အများစုကို ဗြိတိသျှ ဂူယာနာသို့ ပြောင်းရွှေ့ခဲ့သည်။ နောက်ဆုံးတွင် အဓိကထောက်ခံသူ လူတစ်ထောင် ခန့်သည် လူသူပြတ်သည့် စခန်းတစ်ခု၌ ဆုံမိကြသည်။ ယင်း စခန်းကို နောင်အခါ ဂျုန်းစ်တောင်းဟု ခေါ်တွင်ခဲ့သည်။ သို့ရာတွင် အဖွဲ့ဝင်ဟောင်းများနှင့် မိသားစုများ၏ တောင်းဆိုမှုများ ဆက်လက် ရှိနေသဖြင့် နောက်ဆုံး၌ ထိုစခန်းကို တရားဝင် စုံစမ်းစစ်ဆေးမှု ပြုခဲ့သည်။

၁၉၇၈ ခုနှစ်၊ ဂျွန် ၁၅၊ ရက်စွဲဖြင့် ဘုရားကျောင်းအဖွဲ့ဝင် ဖြစ်ခဲ့ပြီး ဂျုန်းစ်တောင်၌ နေထိုင်ခဲ့သည့် ကျမ်းကျိမ်သူ (ဖော်ကောင်) ဒေဗရာ လေတန် (Deborah Layton) က 'ဂျုန်းစ်တောင်း၌ နေသူ ထက်ဝက်

ခန့် ဝမ်းလျှော့ပြီး အပြင်းဖျား၍ နာမကျန်း ဖြစ်သည်အထိ အခြေအနေ ဆိုးရွားခဲ့ကြောင်း၊ ယင်းသို့ ဖြစ်နေလင့်ကစား ၎င်းတို့သည် လယ်ကွင်းများ၌ တစ်ပတ် ၆–ရက်၊ နံနက် ၇ နာရီမှ ညနေ ၆–နာရီထိ၊ တနင်္ဂနွေနေ့တွင် နံနက် ၇–နာရီမှ ညနေ ၂–နာရီထိ အလုပ် လုပ်ရပြီး အစားအသောက် ဆိုးရွားကြောင်း၊ ဘုန်းတော်ကြီး ဂျုန်းစ်သည် လီနင်နှင့် ယေရှုခရစ် ဝင်စားသူ ဖြစ်ပြီး တန်ခိုးစွမ်းအင် ရှိသည်ဟု ဆိုကြောင်း၊ လောကအပေါ် ယုံမှားလွန်း စိတ်ရောဂါ စွဲကပ်နေကြောင်း’ ထွက်ဆိုခဲ့သည်။ တစ်ခါတစ်ရံ နေ့ရက် အတန်ကြာ မအိပ်ဘဲနေပြီး ၎င်းအား ဆန့်ကျင်သူ ပူးပေါင်း လုပ်ကြံသူများအကြောင်း အငမ်းမရ ပြောသည် ဆို၏။ ၎င်းတို့ ပရိဝုဏ်အတွင်း လက်နက်ကိုင် အစောင့်များ ချထားပြီး အထူး ဖော်ပြချက် မရှိဘဲ မည်သူ့ကိုမျှ ထွက်ခွာခွင့် မပြုချေ။

ဂျုန်းစ်က ၎င်း၏ နောက်လိုက်များအား မိမိတို့ လက်ဖြင့် မိမိကိုယ်ကို မိမိသတ်သေရန် မဖြစ်မနေ လိုအပ်သည့်အချိန် မဝေးတော့ကြောင်း သတိပေးခဲ့သည်။ ‘အဖြူရောင်ည’ သို့မဟုတ် ‘အရေးပေါ် အခြေအနေ’ ဆိုသည်ကို စခန်းအတွင်း မကြာခဏ ကြေညာထားခြင်းဖြင့် အစုလိုက်သတ်၍ သေပွဲဝင်ရန် အစမ်းလေ့ကျင့်ထားသည်။

ကာလီဖိုးနီးယား ကွန်ဂရက်အမတ် လီယို ဂျေ ရိုင်ယန် (Leo J. Ryan) သည် ၎င်း၏ ထောက်ခံသူများထံမှ ဂျုန်းစ်၏ တပည့် ဖြစ်နေသူများ၏ မိသားစုဝင်များထံမှ ဖိအားပေး တောင်းဆိုမှု အပြားရရှိသဖြင့် ၎င်းသည် စုံစမ်းစစ်ဆေးမှု တစ်ရပ်ပြုရန် တုံ့ပြန်ခဲ့သည်။

သို့ဖြင့် ရိုင်ယန်နှင့် အဖွဲ့သည် ဂျုန်းစ်၏ ခွင့်ပြုချက်ဖြင့် ၁၉၇၈ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်နေ့တွင် ဂျုန်းစ်၏ စခန်းသို့ အလည်လာခဲ့သည်။ ကွန်ဂရက် အမတ်သည် ယင်းစခန်း၌ လှည့်လည် ကြည့်ရှုပြီး ဂျုန်းစ်နှင့် တွေ့ဆုံသည်။ နိုဝင်ဘာ ၁၈ ရက်နေ့တွင် ဘုရားကျောင်း အဖွဲ့ဝင် အချို့က ကွန်ဂရက်အမတ်နှင့် အဖွဲ့အား စခန်းမှ ထွက်ခွာသွားရန် တောင်းဆိုသည့် သတိပေးစာ ပေးအပ်ခဲ့သည်။ ရိုင်ယန်သည် သဘော တူခဲ့ပြီး ပြည်သူ့ဘုရားကျောင်း အဖွဲ့ဝင် အချို့ကို ၎င်းနှင့်အတူ ခေါ်ဆောင်သွားခဲ့သည်။ နိုဝင်ဘာ ၁၈ ရက်နေ့တွင် အကာအကွယ်မဲ့သည့် လေယာဉ်ဆင်းကွင်း၌ ဂျုန်းစ်တောင်းမှ သေနတ်သမားများသည် ဂျုန်းစ်၏ အမိန့်အရ ရိုင်ယန်နှင့် အဖွဲ့အား ချုံခိုတိုက်ခိုက်သည်။ ရိုင်ယန်နှင့် အဖွဲ့ဝင် လေးယောက် ပွဲချင်းပြီး သေဆုံးပြီး အချို့ အဖွဲ့ဝင်များမှာ တောထဲသို့ ထွက်ပြေး လွတ်မြောက်ခဲ့ကြသည်။

၎င်းဆောင်ရွက်မှု၏ နောက်ဆုံးနှင့် ဖမ်းဆီး အရေးယူခြင်း ခံရမှုကို ကြိုတင် တွက်ဆထားသည့်အတိုင်း ဂျုန်းစ်သည် ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း စခန်းအတွင်း ‘အရေးပေါ်အခြေအနေ’ကို ကြေညာသည်။

ယင်းသို့ဖြင့် အထူး ဂရုတစိုက် စီမံလေ့ကျင့်ထားသည့် အစုလိုက်အပြုံလိုက် သတ်သေပွဲသည် နောက်ဆုံး၌ ဖြစ်ပျက်ခဲ့ရသည်။ ပတ်ဝန်းကျင်ရှိ တောထဲသို့ ထွက်ပြေး လွတ်မြောက်ခဲ့သူ အလွန် အနည်းငယ်မှတစ်ပါး အားလုံးမှာ မိမိကိုယ်ကို သတ်သေ သို့မဟုတ် အသတ်ခံခဲ့ကြသည်။ အပြစ်မဲ့ ကလေးငယ် ၂၇၀ ထက်မနည်းလည်း သေဆုံးခဲ့ရသည်။ ဂျုန်းစ်၏ အလောင်းကို ဂျုန်းစ်တောင်း၌ ဦးခေါင်းတွင် ပြင်းထန်သော သေနတ်ဒဏ်ရာဖြင့် တွေ့ရှိခဲ့သည်။

ဤဖြစ်ရပ် ပြီးနောက် ၂၈ နှစ်အကြာ ၁၉၉၈ ခုနှစ်တွင် ဆန်ဖရန်စစ္စကို မြို့တော်ဝန်သူ ဝီလီဘရောင်းက ‘ဂျုန်းစ်တောင်းသည် ကျွန်ုပ်တို့သမိုင်းတွင် ပထမဆုံး ကြုံခဲ့ရသည့် နာကျင် ဆွေးမြေ့ဖွယ် ဖြစ်ရပ်အဖြစ် ယနေ့တိုင် ကျန်နေဆဲ ဖြစ်ပြီး ဆန်ဖရန်စစ္စကို၏ ထိတ်လန့်ဖွယ် ဤဆုံးရှုံးမှုကို သတိမရဘဲ မနေနိုင်ပါ’ ဝမ်းနည်းစွာ ဆိုသည်။ ❐